# မူဝါဒ JB-R-2: 1973 ခုနှစ်၊ ပြန်လည်ထူထောင်မှု အက်ဥပဒေ၊ ပုဒ်မ 504 အရ ("ပုဒ်မ 504") နှင့် ပုဒ် 504 နစ်နာမှုအပေါ် ကြားနာမှုလုပ်ငန်းစဉ်များအတွက် စည်းမျဉ်းများ

အောက်ဖော်ပြပါ စည်းမျဉ်းသည်၊ ကျောင်းဘုတ်အဖွဲ့မူဝါဒ JB- တန်းတူညီမျှသော ပညာရေးဆိုင်ရာ အခွင့်အလမ်းများနှင့် ခွဲခြားဖိနှိပ်မှု မရှိစေရေး ကို အကောင်အထည်ဖော်ရန် ရေးဆွဲထားခြင်း ဖြစ်ပါသည်။ ယခုစည်းမျဉ်းကို မူဝါဒ JB ၏ အထွေ ထွေ ရည်ရွယ်ချက်များနှင့် အခြေခံမှုများနှင့် အညီ ဒီဇိုင်းရေးဆွဲထားခြင်း ဖြစ်ပြီး၊ ဖက်ဒရယ်နှင့် ပြည်နယ်ပြဋ္ဌာန်းချက်များ၊ ဒေသဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးဆွဲထားပါသည်။

ဒင်းဗားအစိုးရကျောင်းများက ပုဒ်မ 504 အရ၊ ကျောင်းခရိုင်အတွင်းရှိ မသန်စွမ်းဟု သတ်မှတ်ခံရသူ ကလေးများအားလုံးကို အခမဲ့နှင့် လျော်ကန်သော အစိုးရကျောင်း ပညာရေး ("FAPE") နှင့် သက်ဆိုင်ရာ စည်းမျဉ်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုကို ထောက်ပံ့ပေးမည် ဖြစ်သည်။ ပုဒ်မ 504 ပြဋ္ဌာန်းချက်အရ FAPE လိုအပ်သည့် ကျောင်းသားများ၊ သို့မဟုတ် လိုအပ်သည်ဟု ယုံကြည်သည့် ကျောင်းသားများကို ကျောင်းခရိုင်က ယခုစည်းမျဉ်းပါ လုပ်ငန်းစဉ်များကို လိုက်နာ ဆောင်ရွက်၍၊ ပုဒ်မ 504 ကို လိုက်နာဆောင်ရွက်ရန် အစီအစဉ်များ ("504 အစီအစဉ်များ") ချမှတ်သွားမည် ဖြစ်သည်။

## အဓိပ္ပါယ်ဖွင့်ဆိုချက်များ

1. "ကျောင်းသားများ စည်းမျဉ်းလိုက်နာမှုဆိုင်ရာ အရာရှိ" (Student Compliance Officer) ဆိုသည်မှာ၊ ကျောင်းသားများ ဝန်ဆောင်မှုများ၏ အမှုဆောင်ဒါရိုက်တာ၊ သို့မဟုတ် သူ/သူမက တာဝန်ပေးအပ်သူဖြစ်ပြီး၊ ၎င်းကပုဒ်မ 504 အတိုင်း လိုက်နာဆောင်ရွက်မှု ရှိ-မရှိ ကြီးကြပ်မည် ဖြစ်သည်။
2. "ကျေနပ်မှု မရှိသူ" (Aggrieved Individual) ဟု ဆိုရာတွင် ကျောင်းခရိုင်ရှိ ကျောင်းသားတစ်ဦးဖြစ်ပြီး၊ ၎င်းက တိုက်ရိုက် နစ်နာသက်ရောက်ခံစားရသူ နှင့်/ သို့မဟုတ် ပုဒ်မ 504 အရ မသန်စွမ်းဟု သတ်မှတ်ထားသည့် ကျောင်းသားများကို သတ်မှတ်ခွဲခြားပေးရန်နှင့် FAPE ဝန်ဆောင်မှုများပေးရေးနှင့် ပတ်သက်၍ ဘုတ်အဖွဲ့၏ မူဝါဒများအပေါ် ကျူးလွန် ချိုးဖောက်သည်ဟု စွပ်စွဲဖော်ပြမှုကို မျက်မြင်သက်သေဖြစ်သူ ဖြစ်သည်။

## ကျောင်းသားများ စည်းမျဉ်းလိုက်နာမှုဆိုင်ရာ အရာရှိ၏ တာဝန်ဝတ္တရားများ

ကျောင်းသားများ စည်းမျဉ်းလိုက်နာမှုဆိုင်ရာ အရာရှိ၊ သို့မဟုတ် သူ/သူမ၏ကျောင်းမှ သတ်မှတ်တာဝန်ပေးသူသည်၊ ပုဒ်မ 504 အရ ခံစားရရှိနိုင်ခွင့်ဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ တောင်းဆိုချက်များကို လက်ခံပြီး၊ စုံစမ်းစစ်ဆေးမှုများပြုခြင်း နှင့်၊ နစ်နာမှု အပေါ် ကြားနာမှုလုပ်ငန်းစဉ်များ အားလုံးကို ညှိနှိုင်းဆောင်ရွက်ခြင်း၊ နှင့် ပုဒ်မ 504 အရ မသန်စွမ်းဟု သတ်မှတ်အရည်အချင်းပြည့်၍ ခံစားပိုင်ခွင့်ရှိသော ကျောင်းသားများကို FAPE ထောက်ပံ့ပေးမှုများ လိုအပ်ချက်အတွက် ဖက်ဒရယ်၊ သို့မဟုတ် ပြည်နယ်၊ သို့မဟုတ် ဘုတ်အဖွဲ့၏ မူဝါဒများကို ချိုးဖောက်သည်ဟု စွပ်စွဲချက်များအပေါ် လုပ်ငန်းစဉ်များကို ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းအတွက် တာဝန်ရှိ သည်။

ကျောင်းခရိုင်၏ ကျောင်းသားများ စည်းမျဉ်းလိုက်နာမှုဆိုင်ရာ အရာရှိသည်-

Executive Director (အမှုဆောင် ဒါရိုက်တာ)

Student Services (ကျောင်းသား ဝန်ဆောင်မှုများ)

Denver Public Schools (ဒင်းဗားအစိုးရကျောင်းများ)

1860 Lincoln St.

Denver, CO 80203

(ဖုန်း)- (720) 423-3769 ဖြစ်သည်။

**ကျောင်းသား 504 အစီအစဉ်များ**

ADA နှင့် ပုဒ်မ 504 က ဖွင့်ဆိုဖော်ပြရာတွင်၊ မသန်စွမ်းမှု ဆိုသည်မှာ (i) ကိုယ်ခန္ဓာအရ၊ စိတ်ပိုင်းဆိုင်ရာအရ ချို့တဲ့မှုရှိပြီး၊ ယင်းကြောင့် အဓိကကျသည့် ဘဝ၏ လုပ်ငန်းဆောင်တာများ တစ်ခု၊ သို့မဟုတ် ထိုထက်ပို၍အပေါ် သိသိသာသာအကန့်အသတ် ရှိစေခြင်း၊ (ii) ဤသို့ ချို့တဲ့မှုရှိသည်ဟု မှတ်တမ်းရှိခြင်း ၊ သို့မဟုတ် (iii) ဤသို့ ချို့တဲ့မှုရှိသည်ဟု သတ်မှတ်ခံရခြင်းတို့ ဖြစ်သည်။

အကြုံးဝင်သည့် ဥပဒေများအရ၊ ဒင်းဗားအစိုးရကျောင်းများသည် ပုဒ်မ 504 အရ မသန်စွမ်းဟု အရည်အချင်းနှင့် ပြည့်မီသော ကျောင်းသားများကို FAPE ထောက်ပံ့ပေးရပါမည်။ ကျောင်းသားနှင့်/ သို့မဟုတ် မိဘများသည် 504 အစီအစဉ်အရ ကျောင်းသားသည် ဝန်ဆောင်မှုများကို လိုအပ်သည်ဟု ယုံကြည်ပါက၊ ကျောင်းသားများ စည်းမျဉ်းလိုက်နာမှုအရာရှိ၊ သို့ မဟုတ် ကျောင်းအခြေပြု တာဝန်ပေးအပ်ထားသူထံ ဆက်သွယ်တွေ့ဆုံ၍၊ 504 အစီအစဉ်ကို ကျောင်းသားက ရရှိနိုင်ဖွယ် အခြေအနေကို ဆွေးနွေးရန် တိုက်တွန်းလိုပါသည်။ အလားတူပင်၊ ခရိုင်ဝန်ထမ်းများ အားလုံးကလည်း ကျောင်းသား တစ်ဦးသည် 504 အစီအစဉ်အရ ဝန်ဆောင်မှုများ လိုအပ်ကြောင်း ယုံကြည်ပါက၊ ကျောင်းသားများ စည်းမျဉ်း လိုက်နာမှု အရာရှိ၊ သို့မဟုတ် သူက ကျောင်းအခြေပြု တာဝန်ပေးအပ်ထားသူထံ ဆက်သွယ်တွေ့ဆုံ၍ 504 အစီအစဉ်ကို ကျောင်း သားက ရရှိနိုင်ဖွယ် အခြေအနေကို ဆွေးနွေးရန် တောင်းဆိုစေလိုပါသည်။

ကျောင်းသားများ စည်းမျဉ်းလိုက်နာရေးအရာရှိက အဖွဲ့တစ်ခု ("504 အဖွဲ့") ကို ကျောင်းသား၏အကြောင်း၊ ကျောင်းသား၏ ကျောင်းရာဇဝင်၊ ကျောင်းသား၏ လူတစ်ဦးချင်းဆိုင်ရာ လိုအပ်ချက်များ၊ အကဲဖြတ်မည့် ဒေတာများ၏ အဓိပ္ပါယ်နှင့် ဝန်ဆောင်မှုပေးရမည့် အခြေအနေ ရွေးချယ်စရာများ၊ စသည်တို့အပေါ် သိရှိကျွမ်းဝင်သော ပုဂ္ဂိုလ်များနှင့် ဖွဲ့စည်းရမည်။ ကျောင်းသား စည်းမျဉ်းလိုက်နာရေး အရာရှိက ကျောင်းသား၏မိဘများ၊ သို့မဟုတ် အုပ်ထိန်းသူများကို ကျောင်းသား၏ 504 အဖွဲ့တွင် သေချာပါဝင်နိုင်စေရန်၊ လျော်ကန်သည့် ကြိုးပမ်းမှုများ ဆောင်ရွက်ပေးရပါမည်။

ကျောင်းသား၏ 504 အဖွဲ့က၊ 504 အစီအစဉ် ရရှိနိုင်မှုအတွက် စဉ်းစားဆုံးဖြတ်မည့်ကိစ္စကို၊ 504 အစီအစဉ် လိုအပ်မှုရှိ-မရှိ လိုအပ်သည့် အကဲဖြတ်မှုများ လိုအပ်-မလိုအပ်ကို ဆုံးဖြတ်ပေးမှုကို လွှဲပြောင်းပေးနိုင်သည်။ 504 အစီအစဉ် ခံစားရရှိနိုင်ခွင့်ကို ဆုံးဖြတ်နိုင်ရန် အတွက် အကဲဖြတ်စစ်ဆေးရန် ကျောင်းခရိုင်က တောင်းဆိုနိုင်သည်။ သို့သော်လည်း ကျောင်းခရိုင်က 504 အစီအစဉ် ခံစားရရှိနိုင်ခွင့် ကို ဆုံးဖြတ်နိုင်ရန်အတွက် အကဲဖြတ်စစ်ဆေးရန် လိုအပ်ပါက၊ ကျောင်းခရိုင်က မိမိ၏ကုန်ကျစားရိတ်ကို ကျခံ ပေးဆောင်ရမည်။

ပုဒ်မ 504 အရ မသန်စွမ်း ဖြစ်မှုအတွက် သတ်မှတ်ထားသည့် ကျောင်းသားတစ်ဦးအတွက်၊ ကျောင်းသား၏ 504 အဖွဲ့သည် မည်သို့သော ဝန်ဆောင်ပေးမှုများ လိုအပ်သည်ကို ဆုံးဖြတ်ပေးရန် တာဝန်ရှိသည်။ ဤသို့ဆုံးဖြတ်ရာတွင်၊ ကျောင်းသား၏ 504 အဖွဲ့သည်

သက်ဆိုင်သည့် သတင်းအချက်အလက်များ အားလုံးကို ထည့်သွင်းစဉ်းစားရမည် ဖြစ်ပြီး၊ ကျောင်းသား၏ မိဘများ၊ သို့မဟုတ် အုပ်ထိန်းသူများကို ကျောင်းသားခံစားရရှိမည့် ဝန်ဆောင်မှုများ ဆုံးဖြတ်မည့်၊ 504 အဖွဲ့၏ အစည်းအဝေးများတွင် ပါဝင်ဆောင်ရွက်ရန် ဖိတ်ခေါ်ရမည်။ ကျောင်းသား၏ ခံစားခွင့်ကို ဆုံးဖြတ်ရာနှင့် သင့်လျော် သည့် ပညာရေးဆိုင်ရာဝန်ဆောင်မှုများအတွက် အစီအစဉ်များ ရေးဆွဲရာတွင်၊ ကျောင်းသား၏ 504 အဖွဲ့သည် JB-E: "ပုဒ်မ 504 အစီအစဉ်" ပုံစံကို ဖြည့်စွက်ရမည်။

504 အဖွဲ့က ကျောင်းသားသည် မသန်စွမ်းမှုအတွက် ပုဒ်မ 504 အရ လျှောက်ထားသော်လည်း၊ မည်သည့် ဝန်ဆောင်ပေးမှုများမှ မလို အပ်ကြောင်းလည်း ဆုံးဖြတ်ကောင်း ဆုံးဖြတ်နိုင်ပါသည်။ ဤဖြစ်ရပ်တွင် 504 အဖွဲ့က ဤကျောင်းသားသည် ပုဒ်မ 504 အရ မသန်စွမ်း မှုအတွက် လျှောက်ထားသူဖြစ်ကြောင်း မှတ်တမ်းထားရှိရမည်။ သို့သော် ကျောင်းသားက သက်ဆိုင်ရာဝန်ဆောင်မှုများကို ပညာရေး ဝန်းကျင်တွင် ခံစားရယူရန် မလိုအပ်သူ ဖြစ်ရမည်။

**ကျောင်းသား၏ တိုးတက်မှုအပေါ် ပြန်လည်စိစစ်ခြင်း**

ကျောင်းသားတစ်ဦး၏ 504 အဖွဲ့သည်၊ ကျောင်းသား၏ တိုးတက်မှုနှင့် ကျောင်းသား၏ 504 အစီအစဉ် ထိရောက်မှုများအပေါ် နှစ်စဉ် အကဲဖြတ်၍၊ ချမှတ်ထားသည့် ဝန်ဆောင်မှုများအပေါ် သင့်လျော်မှု၊ လိုအပ်မှု ရှိ-မရှိကို ဆုံးဖြတ်မည်။ ထို့အပြင် ကျောင်းသား၏ လိုအပ် ချက်များ လုံလောက်စွာ ပြည့်မီခြင်း ရှိ-မရှိ၊ သူ၏မိတ်ဆွေ သန်စွမ်းသူများ၏ လိုအပ်ချက်များ အတိုင်း ပြည့်မီခြင်း ရှိ-မရှိ သေချာ ဆောင် ရွက်ပေးမည်။ ကျောင်းသား၏မိဘ သို့မဟုတ် အုပ်ထိန်းသူထံသို့ ပုဒ်မ 504 မသန်စွမ်းသူများခံစားခွင့် လျှောက်ထား၏ ကျောင်းသား၏ သတ်မှတ်ဖော်ပြချက်၊ အကဲဖြတ်မှု၊ သို့မဟုတ် နေရာချထားမှုများကို စာဖြင့် အကြောင်းကြား အသိပေးမည်။

**နစ်နာမှုအပေါ် ကြားနာမှု လုပ်ငန်းစဉ်များ**

ပုဒ်မ 504 အရ စွပ်စွဲထားချက်များနှင့်၊ တစ်နည်းအားဖြင့် ဥပဒေအရ လိုအပ်ချက်အတွက်၊ ပုဒ်မ 504 အရ သင့်လျော်သော ပညာရေး ဝန်ဆောင်မှုများ ရရှိရန် သတ်မှတ်ခြင်း၊ အကဲဖြတ်ခြင်း၊ နှင့် နေရာချထားခြင်းတို့တွင် နစ်နာမှုရှိ၍ တိုင်ကြား စောဒကတက်သူ၊ သို့ မဟုတ် လိုအပ်ချက်ရှိ၍၊ လိုအပ်သည်ဟု ယုံကြည်သူများသည်၊ ကျောင်းခရိုင်၏ ကျောင်းသား စည်းမျဉ်းလိုက်နာမှုအရာရှိ (Student Compliance Officer) ထံသို့ တိုင်ကြား တောင်းဆိုနိုင်သည်။ တိုင်ကြားမှုသည် နှုတ်ဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း ပြုနိုင်သည်။ သို့သော်လည်း နစ်နာ၍ မကျေနပ်သူများသည် AC-E-2: "Discrimination/Harassment Complaint Form" (ခွဲခြား ဆက်ဆံမှု/ နှိပ်ကွက်မှုအတွက် တိုင်ကြားမှုပုံစံ) ကို အသုံးပြုရန် တိုက်တွန်းလိုသည်။ ဆရာများ၊ အကြံပေးသူ ကောင်ဆယ်လာများ၊ ကျောင်းအုပ်ကြီးများ၊ သို့မဟုတ် ကျောင်းခရိုင် ဝန်ထမ်းများက ရရှိသော အစီရင်ခံစာများအားလုံးကို ကျောင်းသား စည်းမျဉ်းလိုက်နာမှု အရာရှိထံသို့ ချက်ချင်းလွှဲပြောင်း ပေးပို့ရမည်။

တိုင်ကြားမှုများအားလုံးတွင် တိုင်ကြားမှု၏ အခြေခံ အကြောင်းအချက်နှင့် ပါဝင်ပတ်သက်သူများ (မျက်မြင်သက်သေများ အပါအဝင်) ၏ အမည်ကို အသေးစိတ် ဖော်ပြရမည်။ တိုင်ကြားမှုကို 504 အဖွဲ့၏ ဆုံးဖြတ်ချက် လက်ခံရရှိပြီးနောက်၊ ရက်ပေါင်း ၃၀ အတွင်း၊ ကျောင်း သားနှင့်/ သို့မဟုတ် သူ/သူမ၏ မိဘ၊ သို့မဟုတ် အုပ်ထိန်းသူတို့က သဘောမတူညီသည့် အခါ ဆောင်ရွက်ရမည်။

ကျောင်းသား စည်းမျဉ်းလိုက်နာမှုအရာရှိက ယင်းကိစ္စကို စုံစမ်းစစ်ဆေးရန်နှင့် နစ်နာမကျေနပ်သူထံသို့ ယခုလုပ်ငန်းစဉ်များအောက် တွင်၊ သူ၏ တရားဝင်နှင့် တရားဝင်မဟုတ်သည့် အခွင့်အရေးများ၊ ရွေးချယ်စရာနည်းလမ်းများအတွက် ဆက်သွယ်ရန် လူတစ်ဦးကို သတ်မှတ် တာဝန်ပေးနိုင်သည်။

ကျေးဇူးပြု၍ မှတ်ချက်ပြုရန်မှာ မသန်စွမ်းမှုအပေါ် မူတည်၍ ခွဲခြားဆက်ဆံမှုအပေါ် တိုင်ကြားရာ၌၊ **JB-R1** တွင် ဖော်ပြထားသည့် လုပ်ငန်းစဉ်များအတိုင်း သုံး၍ ဆောင်ရွက်ပါမည်။ ယင်းလုပ်ငန်းစဉ်တွင် နစ်နာမကျေနပ်သူအနေဖြင့်၊ သက်ဆိုင်သည့် ခွဲခြားသတ်မှတ်ခြင်း၊ အကဲဖြတ်ခြင်း၊ သို့မဟုတ် ကျောင်းသားကို ပညာရေးဆိုင်ရာ နေရာချထားမှုများပြုရာ၌ သက်သာချောင်ချိစေရေးအတွက် နစ်နာမှုများ ကြားနာပေးရေး လုပ်ငန်းစဉ်မှတဆင့် ဆောင်ရွက်မှု အခွင့်အရေးကို ပိတ်ပင်ထားခြင်း မရှိပါ။

**အလွတ်သဘော ဖြန်ဖြေပေးရေး လုပ်ငန်းစဉ်များ**

အကယ်၍ ကျောင်းသား စည်းမျဉ်းလိုက်နာမှုအရာရှိက၊ အလွတ်သဘော ဖြန်ဖြေပေးရေးအတွက် တောင်းဆိုမှုကို လက်ခံ ရရှိပါက၊ ကျောင်းသား စည်းမျဉ်းလိုက်နာမှုအရာရှိက ပုဒ်မ 504 နှင့် ပတ်သက်၍ ဖြန်ဖြေပေးရေး ဆွေးနွေးမှုများတွင် ကြားဝင်ပေးရန် လေ့ကျင့်ထားသည့်၊ ကျောင်းခရိုင်ဝန်ထမ်း တစ်ဦးကို ခန့်အပ်တာဝန်ပေးရမည်။ အလွတ်သဘော ဖြန်ဖြေမှုမှ ရရှိလာသည့် မည်သည့် သဘောတူညီချက်ကိုမဆို၊ သက်ဆိုင်ရာပါတီ အားလုံးဖြင့် စာဖြင့်ရေးသား၍ ပေးရမည်။ ယခု လုပ်ငန်းစဉ်သည်၊ နစ်နာမကျေနပ်သူ၏ အခြား ကျောင်းခရိုင် ပုဒ်မ 504 ဖြေရှင်းပေးရေး လုပ်ငန်းစဉ်များနှင့်/ သို့မဟုတ် နိုင်ငံသား အခွင့်အရေးဆိုင်ရာရုံး (Office for Civil Rights) သို့ တရားဝင်တိုင်ကြားမည့် ကိစ္စများအတွက် သက်ရောက်မှု မရှိပါ။

**တရားဝင် ကြားနာမှု လုပ်ငန်းစဉ်များ**

1973 ခုနှစ်၊ ပြန်လည်ထူထောင်မှု အက်ဥပဒေ၊ ပုဒ်မ 504 အရ ခွဲခြားသတ်မှတ်မှု၊ အကဲဖြတ်မှုနှင့် နေရာချထားမှုများနှင့် ပတ်သက်သည့် အငြင်းပွားမှုများ နှင့်/သို့မဟုတ် ယင်းအရ ကာကွယ်ပေးမှုဆိုင်ရာ ဝန်ဆောင်မှုများ ခံစားရရှိနိုင်သည့် ကျောင်းသားတစ်ဦးသည် သဘောမတူညီမှုများကို ဖက်မလိုက်သည့် ကြားနာမှုလုပ်ငန်းစဉ်ဖြင့် ဖြေရှင်းနိုင်သည်။ ကျောင်းခရိုင် သို့မဟုတ် နစ်နာမကျေနပ်သူက ကြားနာမှုကို စတင်တောင်းဆိုနိုင်သည်။ နစ်နာမကျေနပ်သူက အထက်တွင်ဖော်ပြ ထားသည့် တိုင်ကြားမှုလုပ်ငန်းစဉ်ကိုသုံး၍ ကြားနာမှု ပြုပေးရန် တောင်းဆိုနိုင်သည်။

ကျောင်းအုပ်ချုပ်ရေးမှူး (Superintendent)၊ သို့မဟုတ် သတ်မှတ်တာဝန်ပေးအပ်သူက ဖက်မလိုက်သည့် ကြားနာမှုဆိုင်ရာ အရာရှိကို ခန့်အပ်ရမည်။ ကျောင်းသား၏မိဘ၊ သို့မဟုတ် အုပ်ထိန်းသူထံသို့ အနည်းဆုံး ကျောင်းဖွင့်ရက် ၅ ရက် ကြိုတင်၍ ကြားနာမှုအတွက် သတ်မှတ်သည့်ရက်ကို စာဖြင့် အသိပေးအကြောင်းကြားမည်။ အသိပေး အကြောင်းကြားစာကို မိဘ၊ သို့မဟုတ် အုပ်ထိန်းသူ၏ မိခင်ဘာသာစကားဖြင့် ပေးပို့မည်ဖြစ်ပြီး၊ အောက်ပါတို့ ပါဝင်မည်။

1. ကြားနာမှု အချိန်နှင့်နေရာ ဖော်ပြချက်၊
2. အကြံပေးသူ တစ်ဦးက မိဘ သို့မဟုတ် အုပ်ထိန်းသူကိုယ်စား တက်ရောက်ရန် အခွင့်အရေးရှိကြောင်း ဖော်ပြချက်၊ နှင့်
3. သက်ဆိုင်ရာမှတ်တမ်းများကို စစ်ဆေးကြည့်ရှုရန် မိဘ၊ သို့မဟုတ် အုပ်ထိန်းသူ၏ အခွင့်အရေးကို ဖော်ပြချက်၊

ကြားနာမှုသည် အလွတ်သဘော ဖြစ်ပြီး၊ ကျောင်းသားနှင့် သူ/သူမ၏ မိဘ သို့မဟုတ် အုပ်ထိန်းသူတို့ လာရောက်ပြီး၊ သက်သေထွက်ဆိုချက်နှင့် အခြားအထောက်အထားများ တင်ပြရန် အခွင့်အရေး ရှိသည်။ သက်သေအထောက်အထား တင်ပြရာ၌ တရားဝင် ဥပဒေများအတိုင်း အသုံးပြု၍ ဆောင်ရွက်မည် မဟုတ်ပါ။ ကျောင်းသားများ စည်းမျဉ်းလိုက်နာမှု အရာရှိ၊ သို့မဟုတ် သတ်မှတ်တာဝန်ပေးသူက ကျောင်းခရိုင်ကို ကိုယ်စားပြု၍ ကြားနာမှုကို တက်ရောက်မည်။ အလားတူပင် သက်သေထွက်ဆိုချက်နှင့် အခြား သက်သေ အထောက်အထားများ တင်ပြရန် အခွင့်အရေးရှိသည်။ ကြားနာမှုသည် လူထုအများ တက်ရောက်နားထောင်ခွင့် မရှိပါ။

ကြားနာမှု အရာရှိက၊ ကြားနာမှုတွင် တင်ပြသော သက်သေ အထောက်အထားများကို အခြေခံ၍ စာဖြင့်ရေးသားထားသည့် ဆုံးဖြတ်ချက်ကို၊ ကြားနာမှုပြီးနောက် ကျောင်းဖွင့်ရက် ၁၀-ရက်ကာလအတွင်း၊ မကျေနပ်တိုင်ကြားသူနှင့် ကျောင်းသား စည်းမျဉ်းလိုက်နာမှု ဆိုင်ရာ အရာရှိတို့ထံသို့ ပို့ပေးမည် ဖြစ်သည်။ ကြားနာမှု အရာရှိ၏ ဆုံးဖြတ်ချက်သည် သက်သေထွက်ချက်များ အကျဉ်းချုပ်နှင့် ဆုံးဖြတ်ချက်အတွက် ကျိုးကြောင်းဆင်ခြေတို့ ပါဝင်ဖော်ပြရမည်။

နစ်နာ၍ မကျေနပ် တိုင်ကြားသူက ဖြစ်စေ၊ သို့မဟုတ် ကျောင်းခရိုင်ကဖြစ်စေ၊ ကြားနာမှုအရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံ တက်လိုပါက၊ ပြန်လည် စစ်ဆေးပေးရန် တောင်းဆိုမှုကို ကျောင်းအုပ်ချုပ်ရေး အရာရှိ (Superintendent)၊ သို့မဟုတ် သတ်မှတ်တာဝန်ပေးအပ်သူ ထံသို့၊ ကြားနာမှုအရာရှိ၏ ဆုံးဖြတ်ချက် လက်ခံရရှိပြီးနောက် ပြက္ခဒိန် ၁၀-ရက်အတွင်း တင်ပြရမည်။ တင်ပြမှုကို စာဖြင့်ရေးသား၍၊ ကြားနာမှု အရာရှိဆုံးဖြတ်ချက်များအပေါ် အယူခံသူ၏ သဘောမတူညီသည့် အချက်များကို တိကျစွာ ဖော်ပြရမည်။ ကျောင်းအုပ်ချုပ်ရေး အရာရှိ၊ သို့မဟုတ် သတ်မှတ်တာဝန်ပေးအပ်သူက ကြားနာမှု မှတ်တမ်းများကို ပြန်လည်စစ်ဆေး၍၊ နောက်ထပ် သတင်းအချက်အလက်များ ရေးသားစေ၍သော်လည်းကောင်း၊ နှုတ်ဖြင့် ထွက်ဆိုမှုပြုစေ၍သော်လည်းကောင်း ဆောင်ရွက်ရမည်။ ကျောင်းအုပ်ချုပ်ရေးမှူး၊ သို့မဟုတ် သတ်မှတ်တာဝန်ပေးအပ်သူက စာဖြင့်ရေးသားထားသော ဆုံးဖြတ်ချက်ကို အယူခံစာရပြီးနောက် ကျောင်းဖွင့်ရက် ၁၅ ရက်အတွင်း၊ ထုတ်ပြန်ပေးမည်။ ကျောင်းအုပ်ချုပ်ရေး အရာရှိ၊ သို့မဟုတ် သတ်မှတ်တာဝန်ပေးအပ်သူ၏ ဆုံးဖြတ်ချက်သည်နောက်ဆုံးအတည် ဖြစ်သည်။

ဤနေရာတွင် ဖော်ပြမထားသည်များကို မည်သူကမျှ ဘုတ်အဖွဲ့၏ မူဝါဒ၊ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်၊ ဥပဒေ၊ စည်းမျဉ်း ဥပဒေများ၊ သို့မဟုတ် ဤအခွင့်အရေးအတွက် အထူးအပ်နှင်းထားသည့် သဘောတူညီချက်များနှင့် သီးခြားကင်းလွတ်၍၊ ကြားနာခွင့်အခွင့်အရေးအတွက် အမိပွါယ်ပြန်ဆိုရန် တိုင်ပင် လွှဲပြောင်းခြင်း မပြုစေရ။

**ပြင်ပ အေဂျင်စီများ**

ပုဒ်မ 504/ADA အပါအဝင် ချိုးဖောက်ကျူးလွန်မှုများ တိုင်ကြားရန်နှင့် ဖက်မလိုက်သည့် ကြားနာမှုများ တိုင်ကြားနိုင်ရန် အတွက်၊ နိုင်ငံသား အခွင့်အရေးဆိုင်ရာရုံး၊ ပညာရေးဝန်ကြီးဌာန (Office for Civil Rights, U.S. Department of Education), 1244 North Speer Blvd., Suite 310, Denver, CO 80204 သို့ တိုက်ရိုက် တိုင်ကြားနိုင်သည်။

ဥပဒေကြောင်းအရ ကိုးကားရန်၊

ပုဒ်မ 504 of the Rehabilitation Act, 29 U.S.C. § 794 (ပြန်လည်ထူထောင်မှု အက်ဥပဒေ၊ ပုဒ်မ 504 ၊ 29 U.S.C. § 794)

Americans with Disabilities Act (မသန်စွမ်းသူ အမေရိကန်များဆိုင်ရာ အက်ဥပဒေ)၊ 42 U.S.C. § 12101 et seq.

28 C.F.R. § 35.101 et seq.

ရည်ညွှန်းကိုးကားရန်များ၊

JB - Equal Educational Opportunities and Nondiscrimination (JB ပေါ်လစီ မူဝါဒ- တန်းတူညီမျှသော ပညာရေးဆိုင်ရာ အခွင့်အလမ်းများနှင့် ခွဲခြားဖိနှိပ်မှု မရှိစေရေး)